မြေစိုမိုးကောင်းကျေးရွာ

မြေစိုမိုးကောင်းကျေးရွာအုပ်စု

ကျောက်ဆည်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မြေစိုမိုးကောင်းကျေးရွာ၊ ကျောက်ဆည်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ

မာတိကာ ၂

၁. ကျောက်ဆည်မြို့နယ်၊ မြေစိုမိုးကောင်းအုပ်စု၊မြေစိုမိုးကောင်းကျေးရွာ၏ သယံဇာတပြမြေပုံ ၃

၂. ကျောက်ဆည်မြို့နယ်၊ မြေစိုမိုးကောင်းအုပ်စု၊မြေစိုမိုးကောင်းကျေးရွာ၏ **ရာသီခွင်ပြ ပြက္ခဒိန်** ၄

၃. ကျောက်ဆည်မြို့နယ်၊ မြေစိုမိုးကောင်းအုပ်စု၊မြေစိုမိုးကောင်းကျေးရွာ၏**ကျေးရွာတွင်းရွာပြင်အဖွဲ့အစည်းများချိတ်ဆက်မှုပြပုံ** ၅

၄. ကျောက်ဆည်မြို့နယ်၊ မြေစိုမိုးကောင်းအုပ်စု၊မြေစိုမိုးကောင်းကျေးရွာ၏ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

၄.က။ တည်နေရာနှင့်ပထဝီ အနေအထား ၆

၄.ခ။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၇

၄.ဂ။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၇

၄.ဃ။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၈

၄.င။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၉

၄.စ။ ပညာရေး ၁၀

၄.ဆ။ ကျန်းမာရေး ၁၀

၄.ဇ။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၁


၄.ဈ။ ကျား – မ ရေးရာ ၁၁

၅. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၃


နောက်ဆက်တွဲများ

- နောက်ဆက်တွဲ ၁ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၁၅
- နောက်ဆက်တွဲ ၂ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ ၁၆
- နောက်ဆက်တွဲ ၃ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု ဇယား ၃၁


၁။ကျောက်ဆည်မြို့နယ်၊မြေစိုမိုးကောင်းကျေးရွာအုပ်စု၊မြေစိုမိုးကောင်းကျေးရွာ၏သယံဇာတပြမြေပုံ



၂။ ကျောက်ဆည်မြို့နယ်၊မြေစိုမိုးကောင်းကျေးရွာအုပ်စု၊မြေစိုမိုးကောင်းကျေးရွာ၏ရာသီခွင်ပြ ပြက္ခဒိန်



၃။ ကျောက်ဆည်မြို့နယ်၊မြေစိုမိုးကောင်းကျေးရွာအုပ်စု၊မြေစိုမိုးကောင်းကျေးရွာ၏ကျေးရွာတွင်းရွာပြင်အဖွဲ့အစည်းများချိတ်ဆက်မှုပြပုံ



၄. ကျောက်ဆည်မြို့နယ်၊ မြေစိုမိုးကောင်းအုပ်စု၊ မြေစိုမိုးကောင်းကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှု အခြေအနေများ

၄.က။ တည်နေရာနှင့်ပထဝီအနေအထား

မြေစိုမိုးကောင်းကျေးရွာသည်မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့နယ် အတွင်း ပါဝင်သော အုပ်စုကျေးရွာတစ်ရွာဖြစ်ပြီး ကျောက်ဆည်မြို့၏အရှေ့တောင်ဘက်(၁၅)မိုင်ခန့်ကွာ ဝေးသော ရန်ကုန်-မန္တလေးကားလမ်းမကြီးဘေးရှိ မြစ်သားမြို့နယ်ရေဝန်းကျေးရွာ၏အရှေ့ဘက်(၂)မိုင် ခန့်အကွာတွင် တည်ရှိပြီး မြစ်သားမြို့နယ်နှင့်ထိစပ်လျှက်ရှိပါသည်။မြေစိုမိုးကောင်းကျေးရွာ၏ အကျယ်အဝန်းမှာ ဧရိယာ ဧက(၄၀)ကျော်ခန့် ကျယ်ဝန်းပြီး အနီးဆုံးမြို့မှာမြစ်သားမြို့ဖြစ်၍ကျေးရွာမှမြစ်သား မြို့နယ်သို့(၇)မိုင် ခန့်ကွာဝေး ပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင်(၂)ဖာလုံခန့်ကွာဝေးသော မဘူးခြံကျေးရွာ၊ ကျေးရွာ၏အနောက်ဘက် တွင်(၁)မိုင်ခန့် ကွာဝေး သောဘိုးတိုင်ပေါက်ကျေးရွာ၊ ရွာ၏မြောက်ဘက်တွင် (၄)ဖာ လုံခန့်ကွာဝေးသော ထနောင်းတပ်ကျေးရွာ၊ ရွာ၏ အနောက်တောင်ဘက်တွင် (၁)မိုင်(၃)ဖာလုံခန့်ကွာဝေးသော ကျေးရွာတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျှက်ရှိပြီး မြေစိုမိုးကောင်းအုပ်စုတွင်ပါဝင်သော ကျေးရွာများလည်း ဖြစ်ပါသည်။ မြေစိုမိုးကောင်းကျေးရွာအနီး ပတ်ဝန်းကျင်တွင် အနော်ရထားမင်းတည်ထားခဲ့သော ဘုရားစေတီပုထိုးများ ရှိပါသည်။နယ်ချဲ့အင်္ဂလိပ်တို့က ရတနာပုံမင်း နေပြည်တော်အထိကျူးကျော်တိုက် ခိုက်၍သီပေါမင်းနှင့်မိဖုရား တို့ကို ဖမ်းဆီးခေါင်းဆောင်သွားကြပြီးနောက် သီပေါမင်း၏ဝင်းတော်မှဥဩ ဖောင်နှင့်မြန်မာမျိုးချစ်သူရဲကောင်း တို့က ရန်ကုန်-မန္တလေးကား လမ်းမကြီးဘေးရှိ မြစ်သားမြို့နယ်ရေဝန်းကျေးရွာမှနေ၍ နယ်ချဲ့တို့အားခုခံ တိုက်ခိုက်ပြီး ရေဝန်းကျေးရွာ၏ အရှေ့ဘက်(၂)မိုင် အကွာမထင်မရှား ရွာကလေးတစ်ရွာသို့ ထွက်ပြေး တိမ်းရှောင် ခိုလှုံရောက်ရှိလာကြသည်။မြန်မာမျိုးချစ်သူရဲကောင်းသည် ၎င်းတို့ရောက်ရှိနေသော ဤရွာကလေး သည် စိုစိုပြေပြေသာသာယာယာရှိလှပြီး မြေစိုမိုးကောင်းဟု သတ်မှတ်ကာ မြေစိုမိုးကောင်းရွာဟု ခေါ်တွင် ဖြစ်ပေါ်လာခဲ့ပါသည်။ မြေစိုမိုးကောင်းရွာသည် မြစ်သားမြို့နယ် ရေဝန်းကျေးရွာမှဖြတ်သန်းသွားလာရပြီး ဆက်သွယ်ထားသောရွာချင်းဆက်လမ်းများမှာ ပွင့်လင်းရာသီဖြစ်သော နွေရာသီနှင့်ဆောင်းရာသီများတွင် ကောင်းမွန်၍မိုးရာသီတွင်ချို့ွင်ခွက်များဖြစ်ပြီး ကောင်းမွန်ခြင်းမရှိပါ။ ကျေးရွာ ၏အဓိက အသက်မွေးဝမ်းကြောင်း မှာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရောင်းဝယ်ရေး၊ သိုလှောင်ရေးအလုပ်တို့ လုပ်ကိုင်ကြပြီး စားဝတ်နေရေး၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေး၊ ကျေးရွာဖွံ့ဖြိုးရေး နှင့်သားသမီးများ၏ ပညာရေးကဏ္ဍအသီးသီးတို့ကို ဖြေရှင်းကြသည်။ စိုက်ပျိုးရေးလုပ်ငန်းကို ရှမ်းပြည် မြို့ကြီးရေ လှောင်တမံ၊ ကင်းတားဆည်တို့မှ နောင်ခမ်းသင်နှီးလက်တံ၊ ငလိုင်းဇင်မြောင်းလက်တံတို့မှ စိုက်ပျိုးရေးကို အလှည့်ကျ ရေလှည့် စနစ်ဖြင့်ရေပေးဝေပါသည်။မွေးမြူရေးတွင်

နွား၊ နို့စားနွား၊ ဆိတ်၊ ဝက် များမွေးမြူကြပြီး အဝိုဝင်ငွေ များရရှိအောင်လုပ်ကိုင်ကြသည်။ ရောင်းဝယ်ရေးတွင်တောင်သူကြီးများမှ ပိုလျှံငွေ များဖြင့် နန္ဒင်း၊ နှမ်း၊ ကုလားပဲ၊ ပဲတီစိမ်း၊ ငရုတ်၊ စပါးစသည့် အသီးအနှံများကို တပိုင်တနိုင်ဝယ်ယူ သိုလှောင်ကြပြီး ကျေးရွာတွင်း တပိုင်တနိုင် ကုန်စုံဆိုင်များ၊ ဆိုင်ကယ်ဖြင့် လှည့်လည်ရောင်းချသော ကုန်စိမ်း စျေးသည်များစသည့်ဖြင့် လုပ်ကိုင်လျှက်ရှိကြ ပါသည်။

၄.၁၁။ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

မြေစိုမိုးကောင်းကျေးရွာ၏ ရာသီဥတုအခြေအနေမှာ သာမန်အားဖြင့်နွေရာသီတွင်အပူချိန် ၃၈°C အမြင့်ဆုံး ရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ၁၂°C ရှိတက်ပါသည်။ကျေးရွာတွင်ရာသီဥတု အနေအထားတွင် နွေရာသီကဲ့သို့ ကာလမျိုးတွင် အပူချိန်မြင့်မားပြီး မိုးရာသီတွင်မိုးခေါင်ခြင်းများ ဖြစ်ပေါ်ပါက ဆည်မြောင်းရေရှားပါးမှုနှင့် ရင်ဆိုင်ရသောအခါတွင် စိုက်ပျိုးရေရရှိရေးအတွက် မြေအောက်ရေ အရင်းအမြစ်များမှ စက်ရေတွင်းများဖြင့် စိုက်ပျိုးရေ သုံးစွဲကြရပါသည်။ ဆောင်းဥတုလိုရာသီမျိုးတွင်လည်း ကျန်းမာရေးချွတ်ယွင်းသည်အထိ ဘေးဥပါတ် အန္တရာယ်ဆိုးရွာစေသောရာသီမျိုးမဟုတ်၍ ကျေးရွာနေ ပြည်သူအများ အေးချမ်းစွာနေထိုင်သမှုပြုနိုင်ကြပါသည်။ သောက်သုံးရေကိုတော့ အဝီစိတွင်းမြေတွင်းများဖြင့် တစ်နှစ်ပတ်လည်အသုံးပြုနိုင်သည်။

သဘာဝအရင်းအမြစ်များတွင် ကျေးရွာ၌စိုက်ပျိုးရေကို မြေအောက်ရေမှာပေ(၄၀)မှ(၈၀) အတွင်း၌ ပင်မြေအောက်ရေရရှိသည်။

၄.၁။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

မြေစိုမိုးကောင်းကျေးရွာတွင် စီးပွားရေးအခြေပြုသောအဖွဲ့ (၁)ဖွဲ့၊လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၆) ဖွဲ့ ရှိသည်။၄င်းအဖွဲ့အစည်းများသည် ၄င်းတို့၏ အခန်းကဏ္ဍအလိုက် သက်ဆိုင်ရာတာဝန်များကို ထမ်းဆောင်လျှက်ရှိသည်။ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများမှာ အပြန်အလှန်ယုံကြည်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ရှိကြသည်။တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

မြေစိုမိုးကောင်းကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုများတွင် အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာ ရပ်မိရပ်ဖများ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့် ပူးပါင်းညှိနှိုင်း၍ ဘာသာရေးဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်

သာသနာ့ အကျိုးတော်ဆောင်များဖြစ်သော ဂေါပကလူကြီးများ အဖွဲ့ဖွဲ့စည်းပေး၍ ဘာသာရေးလုပ်ငန်းများ တွင် စီမံခန့်ခွဲဆောင်ရွက်စေခြင်း၊ ပညာရေးဆိုင်ရာလုပ်ငန်းများတွင် စာသင်ကျောင်း၏ အကျိုးတော်ဆောင်ကော်မတီ များဖွဲ့စည်း၍ စီမံခန့်ခွဲဆောင်ရွက်စေခြင်း၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးနိုင်ရန် အတွက် နာရေးလူမှုကူညီရေးအသင်းဖွဲ့စည်း၍ စီမံဆောင်ရွက်စေခြင်း၊ ကျေးရွာတွင်းလျှပ်စစ်မီးလင်းရေးကဏ္ဍ တွင်ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးကော်မတီဖွဲ့စည်း၍ လျှပ်စစ်မီးနှင့်ပတ်သက်သောဓါတ်အားလိုင်းများ ထိန်းသိမ်းခြင်း၊ လျှပ်စစ်မီးလင်းရေးဘဏ္ဍာများရှာဖွေခြင်း လုပ်ငန်းများအတွက် စီမံခန့်ခွဲစေခြင်း၊ ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သောလမ်းများ၊ကျေးရွာပိုင်အဆောက်အဦများကိုပြုပြင်ထိန်းသိမ်းခြင်း၊ သာရေးနာရေး လုပ်ငန်းများတွင် သုံးစွဲနိုင်ရန်အတွက် ကျေးရွာပိုင်ပစ္စည်းများ ထိန်းသိမ်းခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေ ရှာဖွေ ခြင်းများ လုပ်ဆောင်နိုင်ရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများဖွဲ့စည်း၍ စီမံခန့်ခွဲစေခြင်း၊ သာရေးနာရေး များတွင် ကူညီချက်ပြုတ်လုပ်ဆောင်ရန်အတွက် ထမင်းချက်အဖွဲ့များ၊ ဟင်းချက် အဖွဲ့များ၊ လူငယ်ပရဟိတ အဖွဲ့များ၊ အမျိုးသမီးပရဟိတအဖွဲ့၊ ထမင်းကျွေးတာဝန်များအား ဆယ်အိမ်မှူးများမှ စီမံခန့်ခွဲဦးဆောင်စေခြင်း စသောဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုများတွင် အဖွဲ့အစည်းလိုက် တာဝန်ပေးအပ်၍ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။

၄.ဃ။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

မြေစိုမိုးကောင်းကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ အိမ်ထောင်စု (၃၂၆)အိမ်ရှိသည့်အနက်မှ(၁၀၀)ကျော်မှာ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူများဖြစ်ကြပြီး ကျန် အိမ်ထောင်စုဝင် များမှာ နိုင်ငံဝန်ထမ်းများ၊ စက်မှုလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ လက်သမားလုပ်ငန်း၊ ပန်းရံ လုပ်ငန်း၊ အရောင်း အဝယ်နှင့်အခြား ကျပန်းလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။

စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသော တောင်သူများအနေဖြင့် ရာသီဥတု၊ စိုက်ပျိုးရေကောင်းစွာ ရရှိ ပြီးသီးနှံထွက်နှုန်းကောင်းမွန်၍ ဈေးကွက်ကောင်းမွန်လျှင် အကျိုးအမြတ်များစွာရရှိပြီး ရာသီဥတု ဖောက်ပြန်ပြီး စိုက်ပျိုးရေမမှန်ပါက သီးနှံထွက်နှုန်းမကောင်း၍ အကျိုးအမြတ်နည်းခြင်း၊ ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ရတက်ပါ သည်။ စက်ချုပ်လုပ်ငန်း၊ လက်သမား၊ ပန်းရံလုပ်ငန်းနှင့် အခြားကျပန်းလုပ်ငန်း လုပ်ကိုင်ကျ သူများမှာလည်း စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြသော တောင်သူများနှင့် ဆက်စပ်နေသောကြောင့် တောင်သူများ အကျိုးအမြတ် ရ၍ အဆင်ပြေလျှင် ၎င်းတို့လည်း အလုပ်အကိုင်များရရှိ၍ ဝင်ငွေကောင်းပြီး တောင်သူများ သီးနှံ ဆုံးရှုံးမှုရှိပါက အလုပ်အကိုင်ရှားပါးမှုနှင့် ရင်ဆိုင်ရတတ်ပါသည်။တောင်သူများမှ စိုက်ပျိုးစရိတ်သက်သာသော သီးနှံများ

ရွေးချယ် စိုက်ပျိုးရာတွင် တခါတရံကျပန်း အလုပ်သမားများ အလုပ်လက်မဲ့ဖြစ်စေ၍ မိသားစုစားဝတ်နေရေး အဆင်မပြေမှုများ ဖြစ်တတ်ကြ၍ ၎င်းတို့၏လက်တွေ့အကျိုးဖြစ်ထွန်းမည့် အသက်မွေးဝမ်းကြောင်း ပညာရပ်များ သင်ကြားပေးရန် လိုအပ်ပါသည်။

မြေစိုမိုးကောင်းကျေးရွာတွင် ဥစ္စာဓနအဆင့်ကို အဆင့် (၄) ဆင့်ဖြင့်ခွဲခြားထားပါသည်။ အထက်ပါ ဥစ္စာဓနအဆင့် အခြေအနေအရ အိမ်ထောင်စု(၁၀၀)ကျော်မှာအဆင်ပြေသောသူများဖြစ်၍ ကျန်အိမ်ထောင်စု (၂၀၀) ကျော်မှာ အဆင်မပြေသောသူများ ဖြစ်ကြပါသည်။

၄.၈။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ(လမ်းတံတား၊ အခြားအခြေခံအဆောက်အဦများ၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး)

မြေစိုမိုးကောင်းကျေးရွာတွင် အခြေခံအဆောက်အဦများအနေဖြင့် အုပ်ချုပ်ရေးမှူးရုံး၊ ကျန်းမာရေးဆေးပေးခန်း နှင့် အစိုးရအထက်တန်းကျောင်းခွဲရှိပါသည်။ ကျေးရွာတွင် အစည်းအဝေးပွဲများ၊ ဌာနဆိုင်ရာအသိပညာပေး ဟောပြောပွဲများ ကျင်းပနိုင်ရန်နှင့် နှစ်စဉ်ပွဲတော်ရက်များ ကျင်းပနိုင်ရန်အတွက် အခြေခံခန်းမဆောင်ဆောက်လုပ်ရန်နှင့် ကျောင်းသား/သူများကောင်းမွန်စွာ ပညာသင်ကြားနိုင်ရေးအတွက် နှစ်ထပ် ကျောင်းဆောင်သစ်ဆောက်လုပ်ပေး၍ ရပ်ဝေးမှတာဝန်ကျသော ပညာရေးဝန်ထမ်းများနေထိုင်နိုင်ရေးအတွက် အခြေခံဝန်ထမ်းအိမ်ယာအဆောက်အဦများ ဆောက်လုပ်ပေးရန် လိုအပ်ပါသည်။ မြေစိုမိုးကောင်းကျေးရွာ၏ ရွာတွင်းလမ်းများသည် ကျောက်ခင်းလမ်းဖြစ်ပြီးမိုးရာသီ တွင် ရေအိုင်ခြင်း၊ဗွက်ထခြင်း၊ ဆိုင်ကယ်၊ ကားများ လမ်းချော်ခြင်းများဖြစ်ပေါ်သောကြောင့် အဆင့်မြှင့် တင်ဖို့ရန်လိုအပ်သည်။ မြေစိုမိုးကောင်းကျေးရွာအုပ်စု အတွင်းရှိ အိမ်ထောင်စုဝင်များနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ အိမ်ထောင်စုဝင်များအဆင်ပြစွာဈေးဝယ်ယူ ရောင်းချနိုင်ရေးအတွက် အခြေခံဈေးသစ်တည်ဆောက်ပေးရန် လိုအပ်ပါသည်။

လျှပ်စစ်မီးလင်းရေးအခြေအနေမှာ စုစုပေါင်းအိမ်ထောင်စု ၏(၃၉.၂%)သည် မဟာဓါတ်အားလိုင်းကို အသုံးပြုနေကြပါသည်။တစ်ချို့အိမ်ထောင်စုများဖြစ်သော(၁၂၃) အိမ် (စုပေါင်းအိမ်ထောင်စု၏ (၃၇.၇%) ခန့်သည် မဟာဓါတ်အားလိုင်းသုံးစွဲနိုင်ခြင်း မရှိသေးပါ။အဘယ်ကြောင့်ဆိုသော် မီတာအခငွေနှင့် သွယ်တန်းကြိုးတန်ဖိုးငွေ မတတ်နိုင်သော ဆင်းရဲသော အိမ်ထောင်စုများဖြစ်သည်။အိမ်ထောင်စုပေါင်း၏(၂၃.၀%) သည် ဆိုလာစနစ်ကိုသာ အသုံးပြုနေကြရသည်။

ကျေးရွာဘေးတွင် မည်သည့် ရေကြောင်းသယ်ယူပို့ဆောင်မှုများမှ မရှိပါ။ အခြားသော သယ်ယူ ပို့ဆောင်ရေးယာဉ်များကို ဧယားတွင် ဖော်ပြထားပါသည်။ စက်ဘီး(၅၃)စီး မှာ ရွာတွင်းနှင့်ကျောင်းသားများ ကျောင်းသွားရန်သာ အသုံးပြုကြသည်။ဆိုင်ကယ်(၂၃၀)စီးမှာ သယ်ယူပို့ဆောင်ရေးဝန်တင်အဖြစ်သုံးပြီး၊လုပ်ငန်းသုံးအနေဖြင့် သုံးဘီးဆိုင်ကယ် (၂)စီး၊ ထော်လာကျီ (၄) စီးရှိသည်။ ကား အစီး (၁၆)စီးနှင့် နွားလှည်များမှာလုပ်ငန်းသုံးနှင့် အိမ်စီးကားများဖြစ်သည်။

ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။လျှပ်စစ်မီးရရှိသော အိမ်များ၏ (၉၅.၇%)ခန့်မှာ တီဗွီမှ ဗဟုသုတအစီအစဉ်များ ကြည့်ရှုကြသည်။

၄.စ။ ပညာရေး

မြေစိုမိုးကောင်းကျေးရွာတွင် အစိုးရအထက်တန်းကျောင်းခွဲရှိသည့်အတွက် ကျေးရွာရှိကလေးများ ပညာရေးကို အလွယ်တကူသင်ကြားခွင့်ရရှိကြပါသည်။ ကျောင်းသား/ ကျောင်းသူများမှာလည်း အခြေခံပညာ အဆင့်ထိ(၁၀၀)ဦးခန့် ရှိပါသည်။ လက်ရှိစာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ စတုရန်းပေ (၈၇၅၀ဖ) ရှိသည်။စာသင်ကျောင်းဆောင်၏အရည်အသွေးမှာ သင့်တင့်သည့် အနေအထားရှိပြီး ကျောင်းပရိဘောဂများ လုံလောက်မှုမရှိသေးပါ။လက်မှုပညာနှင့်ပတ်သက်၍ လက်သမား၊ ပန်းရံ၊ စက်ချုပ်ခြင်းစသောပညာရပ်များ တတ်မြောက်သည့် သူများရှိသလို အထက်တန်းအဆင့်အတန်းပညာပြီးဆုံးအောင် မသင်ကြားနိုင်သော လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် ၎င်းတို့နှင့်သင့်တော်၍ လက်တွေ့အကျိုး ရှိသော စက်မှု၊လက်မှုပညာရပ်များ သင်ကြားပေးရန် လိုအပ်ပါသည်။အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုများမှာနိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

၄.ဆ။ ကျန်းမာရေး

မြေစိုမိုးကောင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးနှင့်ပတ်သက်၍ကူးစက်ရောဂါ၊ တီဘီရောဂါ ဖြစ်ပွားသူမှာ လူဦးရေ၏(၀.၂%)ခန့်သာရှိပြီးသွေးတိုးရောဂါ၊ မျက်စိရောဂါဖြစ်ပွားသူအနည်းကျင်းသာ ရှိ၍အများစုမှာ ကျန်းမာရေးကောင်းမွန်ပါသည်။တခါတရံကလေးငယ်များ မသန့်ရှင်းသော အစားသောက်များ စားသုံးမိခြင်း ကြောင့်ဝမ်းပျက်၊ဝမ်းလျှောရောဂါဖြစ်ပွားတတ်၍အစားသောက်နှင့် ဆိုင်သောကျန်းမာရေးဗဟုသုတများ၊ စားသုံး

ရန်မသင့်လျော်သောအစားအသောက်များအား အသိပညာပေးဟောပြောပွဲများ ကျင်းပပေးရန်လိုအပ်ခြင်း မှလွဲ၍ တစ်ခြားကူးစပ်တတ်သော ရောဂါဖြစ်ပွားမှုများ မရှိပါ။ကျေးရွာအိမ်ထောင်စုအားလုံးမှာ ယင်လုံအိမ်သာသုံးစွဲကြပါသည်။

၄.၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

မြေစိုမိုးကောင်းကျေးရွာတွင် တစ်ခါတစ်ရံ အပူချိန်မြင့်မားခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးခေါင်ခြင်း၊ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးသီးများကြွေကျခြင်းဘေးအန္တရာယ်များ ဖြစ်ပေါ်တတ်ပါသည်။

အပူချိန်မြင့်မား၍ မိုးခေါင်ခြင်းတို့ကြောင့် စိုက်ပျိုးရေရှားပါးမှုဘေးအန္တရာယ်နှင့် ကြုံတွေ့ရတတ်ပြီး လေပြင်းများတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် မိုးသီးများကြွေကျခြင်းတို့ကြောင့်၊လူနေအိမ်များ ပျက်စီးခြင်း၊စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးခြင်း ဘေးအန္တရာယ်များ ဖြစ်ပွားတတ်ပါသည်။စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေဩာ သုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။တောင်သူများအနေဖြင့် ဘက်စုံပိုးမွှား နှိမ်နှင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

၄.၈။ ကျား - မရေးရာ

မြေစိုမိုးကောင်းကျေးရွာတွင် ကျား-မ ရေးရာကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မ ရေးရာဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။ကျေးရွာတွင်အမျိုးသား၊အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများအရ ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသမီးများသည် အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။

မြေစိုမိုးကောင်းကျေးရွာတွင် ကျား-မ မရွေး၊ လူကြီးလူငယ်မရွေး နှစ်စဉ်ဝါတွင်းကာလ၌ ဆွမ်းတော်ကြီးလှည့်ခြင်းကို သာသနာ့ အကျိုးတော်ဆောင် ဂေါပကအဖွဲ့များနှင့် ပူးပေါင်း၍ လှည့်လည်ခြင်း၊ ဝါတွင်းကာလဥပုသ်နေ့များ၌ ပိဏ္ဍာပတ်ဆွမ်းလောင်းခြင်း၊ ကျေးရွာတွင်းသာရေးနာရေးများ တွင်လည်း ကူညီဆောင်ရွက်ခြင်း၊

ကျေးရွာလုံခြုံရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် (၁၂) လရာသီပွဲတော်များတွင် ဦးဆောင်၍ ဆောင်ရွက်ကြပါသည်။ မြေစိုမိုးကောင်းကျေးရွာအမျိုးသမီးများမှာ ဘာသာရေးပွဲများတွင် ဓမ္မစကြာ် ရွတ်ဖတ်ပူဇော်ခြင်း၊ နာရေးများတွင် သံဝဂအလင်္ကာများ ရွတ်ဆိုပို့ဆောင်ခြင်းကြောင့် ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးလုပ်ငန်းများတွင် အမျိုးသားများနှင့် တန်းတူရင်ဘောင်တန်း၍ ပူးပေါင်း ဆောင်ရွက်ကြပါသည်။

စိုက်ပျိုးရေးတွင် လုပ်ကိုင်ကြသော အမျိုးသားများ၏ ပျမ်းမျှတစ်ရက်လုပ်အားခမှာ (၄၀၀၀/-)ကျပ်ဖြစ်ပြီး၊ လက်သမား၊ ပန်းရန်စသော လက်မှုပညာဖြင့် လုပ်ကိုင်ကြသော အမျိုးသားများ၏ ပျမ်းမျှ တစ်ရက်လုပ်အားခမှာ (၆၀၀၀/-) ကျပ်ဖြစ်ပါသည်။စိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်ကြသော အမျိုးသမီးများ၏ တစ်ရက်လုပ်အားလပျမ်းမျှမှာ (၃၅၀၀/-)ကျပ်ရရှိပြီး အခြားဆောက်လုပ်ရေး လုပ်ငန်းများဖြစ်သော ပန်းရံ၊ လက်သမား၊ ကျပန်းလုပ်ငန်းများတွင် အမျိုးသားပျမ်းမျှ (၆၀၀၀/-) ကျပ်နှင့် အမျိုးသမီးပျမ်းမျှ (၃၅၀၀/-) ကျပ်ရရှိကြသည်။အခြားနိုင်ငံဝန်ထမ်းများတွင် အမျိုးသား၊ အမျိုးသမီး ရာထူးတူ လစာနှုန်းတူများ ရရှိကြ၍ အခြားအဖွဲ့အစည်းများတွင် လုပ်ကိုင်နေကြသူများ လည်း ရှိပါသည်။

၅. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စီမံချက်အမည်	ဦးစား ပေးအဆင့်	စီမံချက်အမည်	ဦးစား ပေးအဆင့်
ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း	၁	အစည်းအဝေးခန်းမဆောင်တည်ထောင်ပေးရန်	၁၁
ကျန်ရှိအိမ်ခြေများလျှပ်စစ်မီးရရှိရေး(၄၀ဖို့အားလိုင်း)	၂	မှန်ကန်သောစျေးကွက်ဥပဒေချထားပေးရန်	၁၂
စိုက်ပျိုးရေး၊မွေးမြူရေးအတွက်ကာလရှည်ချေးငွေရရှိရန် လိုအပ်ခြင်းနှင့်မြစိမ်းရောင်စီမံကိန်း	၃	ကျောင်းပညာရေး၊မူခင်းနှင့်ဆိုင်သောအသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်းနှင့် သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ ပေးရန်	၁၃
ကျေးရွာအတွင်းစိုက်ပျိုးရေးမြောင်းများကျောက်စလစ်စီခြင်း	၄	စာကြည့်တိုက်ဖွင့်လှစ်ပေးပါရန်	၁၄
အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ပေးပါရန်	၅	ရာသီအလိုက်သီးနှံများဖျက်ပိုးများနှင့်ရောဂါများအတွက်အသိပညာ ပေးဟောပြောပွဲများနှင့် နည်းပညာသင်တန်းများဖွင့်လှစ် ပေးပါရန်	၁၅
ကျန်းမာရေးအသိပညာပိုင်းဆိုင်ရာဆွေးနွေးဟောပြောပွဲများ ပြုလုပ်ရန်	၆	အားကစားကွင်းဆောက်လုပ်ပေးပါရန်နှင့် အားကစားပစ္စည်း များထောက်ပံ့ခြင်း	၁၆
ကျေးရွာချင်းဆက်လမ်း(ကတ္တရာလမ်း)ခင်းပေးရန်	၇	ပညာရေးဝန်ထမ်းအိမ်ရာတည်ဆောက်ပေးရန်	၁၇
(၅)ရွာအုပ်စုစျေးသစ်ဖွင့်လှစ်ပေးပါရန်	၈	လူငယ်ပိုင်းဆိုင်ရာစီမံခန့်ခွဲမှုသင်တန်းများဖွင့်လှစ် ပေးပါရန်	၁၈
ဆေးဝါးပစ္စည်းများနှင့်သင်ထောက်ကူပစ္စည်းများထောက်ပံ့ပေးရန်	၉	ပညာရေး(၂)ထပ်ကျောင်းဆောင်အသစ်တိုးချဲ့ ဆောက်လုပ်ပေးရန်	၁၉

ကျန်းမာရေးဝန်ထမ်းချထားပေးပါရန်	၁၀	မျိုးကောင်းမျိုးသန့်ရရှိရေးကဲ့သို့သော စိုက်ပျိုးရေး နည်းပညာမှာ ဟောပြောခြင်း၊ပညာပေးခြင်း	၂၀
		ကျား/မလုပ်ခလစာနှုန်းတန်းတူညီမျှရရှိရေး ဥပဒေချမှတ်ပေးရန်	၂၁

မြေစိုမိုးကောင်းကျွးရှာ၊ မြေစိုမိုးကောင်းကျွးရှာအုပ်စု၊ ကျွးရှာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးခင်မောင်ဆန်း	ဦးကျော်စိန်	၉/ကဆန(နိုင်)၀၆၆၆၀၀	၅၉	နယက	-
၂	ဦးကျော်ဇူလိုင်စံ	ဦး:စံညွန့်	၉/ကဆန(နိုင်)၁၅၀၀၂၈	၂၅	ဥက္ကဋ္ဌ	၀၉-၉၆၉၇၇၇၂၁၇
၃	ဦးအောင်ဆန်းဦး	ဦးလှမောင်	၉/ကဆန(နိုင်)၁၁၆၀၄၆	၃၇	ဘဏ္ဍာရေးမှူး	၀၉-၄၀၂၆၆၆၄၂၈၆
၄	ဦးသောင်းနိုင်ကို	ဦးသာရွှန်း	၉/ကဆန(နိုင်)၁၅၀၀၃၁	၂၉	အတွင်းရေးမှူး	၀၉-၄၀၀၁၇၂၇၂၀
၅	ဒေါ်ညိုညိုအောင်	ဦးတင်အောင်	၉/ကဆန(နိုင်)၁၂၄၄၁၃	၃၉	သော့ကိုင်(၁)	-
၆	ဦးဝင်းနိုင်	ဦးကျော်ညိမ်း	၉/ကဆန(နိုင်)၁၁၁၀၄၅	၄၄	သော့ကိုင်(၁)	၀၉-၄၅၀၉၂၈၁၆၆
၇	ဦးပြည့်ဖြိုးကျော်	ဦးအောင်မင်း	၉/ကဆန(နိုင်)၁၄၇၁၈၀	၂၅	စာရင်းကိုင်	၀၉-၉၆၉၇၇၇၂၁၆
၈	ဦးထွန်းကျော်ထွေး	ဦးသန်းထွန်း	၉/ကဆန(နိုင်)၁၂၉၆၂၆	၃၆	အဖွဲ့ဝင်	၀၉-၇၉၇၀၄၄၇၀
၉	ဒေါ်ဝင်းမော်	ဦးသောင်း	၉/ကဆန(နိုင်)၁၂၄၄၁၄	၃၅	အဖွဲ့ဝင်	၀၉-၃၃၂၉၀၆၃၆
၁၀	ဒေါ်မျိုးမျိုးအေး	ဦးမျိုးလွင်	၉/ကဆန(နိုင်)၁၂၆၆၆၆	၃၅	အဖွဲ့ဝင်	၀၉-၂၅၉၂၀၄၃၉
၁၁	ဒေါ်လတ်လတ်မော်	ဦးသန်းနိုင်	၉/ကဆန(နိုင်)၁၆၂၃၈၅	၂၆	အဖွဲ့ဝင်	၀၉-၂၆၁၆၀၇၈၂၀
၁၂	ဒေါ်စန်းယုမော်	ဦးကြီးညို	၉/ကဆန(နိုင်)၀၀၂၅၀၁	၄၃	အဖွဲ့ဝင်	၀၉-၂၆၅၉၉၄၀၈၅
၁၃	ဒေါ်ပပ	ဦးညိုအေး	၉/ကဆန(နိုင်)၀၉၉၁၃၃	၄၅	အဖွဲ့ဝင်	၀၉-၇၈၇၄၄၂၂၅

ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၈	၁၅	၂၃
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၂၉	၃၁	၆၀
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၅၄	၅၄	၁၀၈
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၅၉	၅၅	၁၁၄
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၄၃၇	၄၉၉	၉၃၆
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၃၀	၄၁	၇၁
စုစုပေါင်း		၆၁၇	၆၉၅	၁၃၁၂
စုစုပေါင်း အိမ်ထောင်စု		၃၂၆		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။မြေစိုမိုးကောင်းကျေးရွာသည် တစ်အိမ်ထောင်လျင်ပျမ်းမျှ လူဦးရေ (၄.၆၈)ဦးသာရှိ၍ လူဦးရေမွေးဖွားနှုန်း လွန်စွာနည်းပါးသည်။

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂)ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုး အစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/ အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်)
လယ်မြေ	၅၄၅.၀၃	သင့်	အနည်း	မြေအောက်ရေ/ဆည်ရေ
ယာမြေ	၂၃	-	-	-
ဥယျာဉ်ခြံမြေ	၆.၂၅	-	-	-
အိမ်ခြံဝင်း စိုက်ခင်း	-	-	-	-
ကိုင်း/ကျွန်းမြေ	-	-	-	-
စားကျက်မြေ	-	-	-	-
ပလပ်မြေ	-	-	-	-
သစ်တောမြေ	-	-	-	-
စုစုပေါင်း	၅၇၄.၂၈			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။မြေစိုမိုးကောင်းကျေးရွာသည် လယ်မြေ များသာရှိပါသည်။ စိုက်ပျိုးမြေအများစုမှာ လယ်မြေများဖြစ်ကြပြီး ဆည်ရေသောက်ဖြစ်သော်လည်း ရေပေးဝေမှုမှာ အနည်းအကျဉ်းသာဖြစ်ခြင်း၊ အဝီစိတွင်းများတူး၍စိုက်ပျိုးရေးကို အစားထိုးအသုံးပြု နေကြပါသည်။

(၂.၂) ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ခါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)
ကာဗွန် (ခါတ်ငွေ့/ရေနံ)	-	-
ခါတ်သတ္တု(ကျောက်မျက်၊သတ္တုကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့်	-	-
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	-	-
အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော)	-	-
ပျမ်းမျှအပူချိန် – ၃၈·C	ပျမ်းမျှ မိုးရေချိန် – ၄၀·F	

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊
လေ့လာတွေ့ရှိချက်။ ။ မရှိပါ။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက်
၁	လူမှုကူညီအဖွဲ့	၁☐ ၂☑ ၃☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☑ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	လူငယ်/အမျိုးသား/သမီးများပါဝင် ပြီးကျေးရွာ၏ကျန်းမာရေးအခက်အခဲများဖြေရှင်းရာတွင်ကူညီ၍ ကျေးရွာ၏အတက်ကြွဆုံးအဖွဲ့ဖြစ်သည်။
၂	ကျောင်း	၁☐ ၂☑ ၃☐	ပညာရေး☑ငွေကြေး☐	အဖွဲ့ဝင်(၈)ဦးပါဝင်၍ကျေးရွာ၏

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်း လင်းဖော်ပြချက်
	ကော်မတီ အဖွဲ့		ကျန်းမာရေး□ဘာသာရေး□စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကျောင်းနှင့်ပတ်သက်၍လိုအပ်သည် များဆွေးနွေးတိုင်ပင်ခြင်း၊အခမ်းအ နားများပြုလုပ်ခြင်း
၃	ဂေါပကအဖွဲ့	၁□ ၂□ ၃☑	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး□	အဖွဲ့ဝင်(၅)ဦးရှိ၍ရွှတ်ဆိုပွဲများ၊ ဆွမ်း တော်ကြီးလှည့်ခြင်းများ၊အလှူခံခြင်းများနှင့်ကျေးရွာ၏ဘာသာေးအခမ်းအနားများအားဦးဆောင်ပါသည်။
၄	ရပ်မိရပ်ဖအဖွဲ့	၁☑ ၂□ ၃□	ပညာရေး□ငွေကြေး□ ကျန်းမာရေး☑ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး□	ရပ်ရွာ၏ငွေကြေးစီမံခန့်ခွဲမှုများ၊ အုပ်ချုပ်မှုအပိုင်း၊အစည်းအဝေးပွဲများအားညှိနှိုင်း၍ဆောင်ရွက်ပါသည်။
၅	အရံမီးသတ်သမားအဖွဲ့	၁□ ၂☑ ၃□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး☑	စိုက်ပျိုးရေးကိုဦးစားပေးလုပ်ဆောင် ပြီးဈေးကွက်အခြေအနေအရဖွံ့ဖြိုးမှု နည်းနေပါသည်။
၆	ငွေစုငွေချေးအဖွဲ့	၁☑ ၂□ ၃□	ပညာရေး□ငွေကြေး☑ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး□	အရောင်းအဝယ်ချေးငွေစိုက်ဘဏ် တောင်သူချေးငွေ၊တပိုင်တနိုင်မွေး မြူရေးချေးငွေပေးပါသော်လည်း အတိုးနှုန်းများသည်။
၇	တောင်သူလယ်သမားအဖွဲ့	၁☑ ၂□ ၃□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး□	ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်အများတွင်ပူး ပေါင်းပါသော်လည်းဖွဲ့စည်းမှုတွင် စည်းလုံးမှုနည်းသည်။

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ လယ်သမားမှန်လျင်မြေပေါ်တွင် စိုက်ပျိုး လုပ်ကိုင်ပါသော်လည်း စိုက်ပျိုးရေး ၊ဈေးကွက် ၊စိုက်ဘဏ်ချေးငွေပမာဏနည်းလွန်ခြင်း ၊ပွဲစားများ၏ ကတိပျက်ပြီးငွေများ ဆုံးရှုံးစေ၍ ကျေးရွာဖွံ့ဖြိုးမှုအတန်အသင့်သာရှိပါသည်။

(၄) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၅)ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၀ဧကနှင့်၁၅ အထက်	၅ဧကနှင့်၁၀အကြား	၂မှ၃ဧကကြား	-
အိမ်အခြေအနေ	တိုက်(၂)ထပ်အိမ်	တိုက်(၁)ထပ်အိမ်	(၄)ပင်ထရံကာသွပ်မိုး	သုံးပင်သက်ကယ်မိုး
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ကား၊ထော်လာကျီ၊ထွန်စက်၊ရေစက်	ထော်လာကျီ၊ရေစုပ်စက်၊နွားလှည်း	ဆိုင်ကယ်၊စက်ဘီး	ဆိုင်ကယ်၊စက်ဘီး
အဓိကစီးပွားရေး လုပ်ငန်း	စိုက်ပျိုးရေး	စိုက်ပျိုးရေး	ကျပန်း	ကျပန်း
အိမ်ထောင်စု	၄၉	၈၈	၁၅၃	၃၆

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက် ။ ။မြေစိုမိုးကောင်းကျေးရွာသည် စိုက်ပျိုးရေးကိုအဓိကထား အသက်မွေးကြသော ကျေးရွာဖြစ်ပြီး အဆင်ပြေသောအိမ်ထောင်စုများမှာလည်း တောင်သူလယ်သမားကြီးများသာ ဖြစ်ပါသည်။ မပြေလည်သောအိမ်ထောင်စုများများမှာလည်း မြေဧက အနည်းငယ် ရှိသူများနှင့် မြေယာမဲ့များဖြစ်သည်။ ၎င်းအိမ်ထောင်စုများမှလည်း တောင်သူကူလီများသာ ဖြစ် သည်။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၂၃၂	၇၁%	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်(၁ ဟတ် တာထိ)	၂၈	၉%	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ)	၃၂	၁၀%	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ)	၂၄	၇%	အလယ်အလတ်စားတောင်သူ

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၅	၁၂.၅ကေအထက် (၅ဟတ်တာနှင့် အထက်)	၁၀	၃%	တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	၃၂၆	၁၀၀%	

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။မြေယာမဲ့များ ကျေးရွာအိမ်ထောင်စု၏ ထက်ဝက်နီးပါးခန့်ရှိသည်။ ၎င်းမြေယာမဲ့များမှာလည်း တောင်သူကူလီများသာ အများစုလုပ်ကိုင်ကြသည်။ တောင်သူအများစုမှာ အလုပ်သမားရှားပါးခြင်း၊သီးနှံစျေးကွက်တည်ငြိမ်မှုမရှိပါ။

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ဧက	တစ်ဧက အထွက်နှုန်း				အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	
စပါး	၂၈၀	တင်း	၄၀	၇၀	၅၂	သင့်
နှမ်း	၂၈၈	တင်း	၄	၁၀	၆	များ
ငှက်ပျော	၁၅	တင်း	၁၀	၁၅	၁၃	သင့်
ကုလားပဲ	၈၂	တင်း	၈	၂၀	၁၅	သင့်
ကြက်သွန်	၄၃	ဝိဿာ	၇၀၀	၁၅၀၀	၁၀၀၀	သင့်
နန္နင်း	၃၅	ဝိဿာ	၆၀၀	၁၀၀၀	၇၅၀	နည်း

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။လယ်မြေများအား စပါး၊ ကုလားပဲ စိုက်ပျိုးကြပြီး ယာမြေများအား ပဲတီစိမ်းနှင့် နှမ်းများ အဓိကထားအများစုစိုက်ပျိုးကြသည်။ငရုတ်နှင့်နန္နင်းစိုက်ရာတွင်ရေငတ်ဒဏ်ခံခြင်း၊ ဖျက်ပိုးအန္တရာယ် ကင်းဝေးခြင်းတူးဖော်ချိန်တွင်တူးဖော်စရိတ်ကိုပြန်စစ်စေပြီးအတက်သည်အမြတ်ဖြစ်ပါသည်။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၅၀	၁၀၈
နို့စားနွား	၉	၁၇
ကျွဲ		
မြင်း	၁	၁
မြည်း		
လား		
ဆိတ်	၂	၆၀
သိုး		
ဝက်	၈	၁၄
ကြက်	၁၃	၈၁
ဘဲ	၃	၁၃
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်း မွေးမြူရေးလုပ်ငန်း		
ရေချို ငါးဖမ်းလုပ်ငန်း		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။ လေ့လာတွေ့ရှိချက်။** ။ မွေးမြူရေးသီးသန့်မရှိပါ။ တောင်သူခိုင်းရန်၊ တပိုင်တနိုင် နို့စားနွားနှင့် ကြက်၊ ဆိတ်၊မြင်း၊ဘဲများအနည်းငယ်မွေးမြူမှုရှိသည်။

(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	**လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်း နှင့် ဝန်ဆောင်မှု)**	**လုပ်ငန်း အရေအ တွက်**	**ဝန်ထမ်း / အလုပ်သမ ား အရေ အတွက်**	**မိသားစု ဝင် လုပ်အား**	**ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်**
၁	သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ် ခြင်း				
၂	ထုတ်ကုန်လုပ်ငန်း				
၃	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေး ဝေရေး				
၄	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း	၁၀	-	၂၀	အလယ်အလတ်အဆင့်

၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး				
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေး သူ)				
၇	လက်လီ-လက်ကားရောင်းဝယ်ရေး	၂	-	-	ရပ်တည်နိုင်မှုမှာအလယ်အလတ်အဆင့်နှင့်အမြင့်တို့တွင်တည်ရှိပါသည်။
၈	ဟိုတယ် နှင့် စားသောက်ဆိုင်လုပ်ငန်း	၁	-	၅	
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး				
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန် ဆောင်မှု လုပ်ငန်း)	၆	၁၀	၁၀	ငွေကြေးချမ်းသာသူများကုန်ဝယ်လှောင်ကြပြီးရပ်တည်နိုင်မှုမှာဖြင့်အရောင်းချေးငွေ
၁၁	အိမ်ခြံမြေ ရောင်းဝယ် ငှား ရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ	-	-	-	
